ဝန်ဇင်း
Read on the move

ကလေးများအတွက်

# ကာလီဒါသ လျှောက်ထုံး ပုံပြင်များ

ကြည်နိုင်

# ပဏာမအမှာ

ကျွန်တော်တို့ ငယ်ငယ်က အဘွားရင်ခွင်တွင် ပုံပြင်တွေ တဂကြီး ညစဉ် နားဆင်ခဲ့ကြရပါ သည်။ ဗုဒ္ဓဝင်၊ မဟာဝင်၊ ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထု၊ ရာဇဝင်ပုံပြင်တို့အပြင် ရာမဇာတ်တော်ကြီး၊ ဦးပေါ်ဦး လျှောက်ထုံး၊ ကာလီ ဒါသ လျှောက်ထုံးတို့ကို ပုံပြင်သဖွယ်၊ ဉာဏ်ရွှင်ဖွယ် နားထောင်ခဲ့ရ ပါသည်။

ကျွန်တော်သည် အခါအခွင့်သင့်သည့်အခါ မူလတန်းရွယ် သမီးငယ်နှင့် သူ့သူငယ်ချင်း တစ်စုအား ကျွန်တော့်အဘွားဆီမှ ပုံပြင်အမွေကို စိတ်လိုလက်ရ ပြောပြတတ်ပါသည်။

ယခုအခါ သူတို့တစ်တွေ အလယ်တန်း၊ အထက်တန်းရောက်ကြပြီ။ ကျောင်းစာတွေနှင့် လုံးပမ်းရင်း တစ်ခါတစ်ရံ ငယ်စဉ်ကလို ပုံပြောခိုင်း၏ ။ သည်အခါတွင် ကိုယ့်မှာလည်း အချိန်မရ၊ ထိုအခါတွင် ပုံပြင်စာအုပ်တွေရေးရန် ပူဆာပြန်သည်။ ဦးပေါ်ဦးလျှောက်ထုံးပုံပြင်ကား အတော်အတန်ရှိကြပြီ။ ကာလီဒါသ လျှောက်ထုံးပုံပြင်ကား ဟိုတစ်စသည်တစ်စ။

ထို့ကြောင့် ကျွန်တော်စုဆောင်းထားသည့် စာအုပ်များကို မွှေနှောက်၊ လိုအပ်သည်ကိုထပ် ရှာ၊ စာကြည့်တိုက်သွား အချိန်အားလုံးက ကလေးတို့အတွက် တင်ဆက်လိုက်ရပါသည်။

ဤ "ကာလီဒါသ လျှောက်ထုံးပုံပြင်" တို့ကို ပြုစုရာတွင်-

-ဆရာကြီး ဦးလှဒင်၏ "ကာလီဒါသ လျှောက်ထုံးများ (၅) တွဲ

-ဆရာလူထု ဦးလှ၏ "ကာလီဒါသ ဘဂအတွေ့အကြုံများ"

-စာရေးဆရာ မင်းရှင်နောင်၏ "ကာလီဒါသ"

-ဆရာတော် ရေဝတထွန်း၏ "သကုန္တလာ"

-ဆရာဦးသော်ဇင်၏ "သကုန္တလာ"

-ဆရာဇော်ဂျီ၏ "သကုန္တလာ"

-ဆရာ ဦးသော်ဇင်နှင့် ရန်ကုန်ဘဆွေတို့၏ "မေဃဒူတ မိုးတိမ်တမန်"

-ဆရာ ဦးသော်ဇင်၏ "ရဃုဝံသ"

စသည်စသည်ဖြင့် အသီးသီး မှီငြမ်းညှိနှိုင်းလျက် ပြန်လည်ရေးသားပြုစုပါသည်။

အထူးသဖြင့် ဆရာကြီး ဦးလှဒင်၏ "ကာလီဒါသ လျှောက်ထုံး" များကို အခြေပြုကာ ကလေးသူငယ်များ အလွယ်ဖတ်နိုင်ရန် ကြိုးပမ်းကာ သက္ကဋကဗျာ၊ ဂါထာတို့အားလည်း မြန်မာကဗျာအသွင် သီကုံးနှုန်းဖွဲ့၍ တင်ဆက်ထားပါ၏ ။

**ဆရာအပေါင်း၏ခြေအစုံအား ဦးခိုက်လျက်**

**ကြည်နိုင်**

*

## ဘောဇဘုရင်၏ ဇာတ်ကြောင်း

ကလေးတို့ရေ . . .

ဟိုးရှေးခေတ် ခရစ်နှစ် ၁၁-ရာစုလောက်က အိန္ဒိယနိုင်ငံ ဓာရာတိုင်းကို အစိုးရတဲ့ ဘုန်းတန်ခိုးကြီးတဲ့ ဘုရင်ကြီးတစ်ပါးရှိသတဲ့။ ဘုရင်ကြီး အမည်က ဘောဇဘုရင်လို့ ခေါ်တယ်ကွဲ့။

အဲဒီ ဘောဇဘုရင်ကြီးဟာ အတိုင်းတိုင်းအပြည်ပြည်က ပညာရှိ သုခမိန်တွေကို ပင့်ဖိတ်ခေါ်ယူပြီး ချီးမြှင့်မြှောက်စားလေ့ရှိသတဲ့။ သူ့နိုင်ငံတွင်းမှာလည်း တိုင်းသူပြည်သားအားလုံး ပညာမသင်မနေရ အမိန့်ထုတ်ထားတယ်။ ဘုရင်ကြီးက အားပေးချီးမြှောက်တော့ လူတိုင်းလူတိုင်း ဟာ ပညာကို လိုလိုလားလား ဆည်းပူးကြသတဲ့။

ကလေးတို့ရေ . . .

အဲဒီ ဘောဇဘုရင်ကြီးအကြောင်း မသိချင်ကြဘူးလား။ အံ့ဩဖို့လည်းကောင်း၊ ဆန်းလည်း ဆန်းကျယ်လှတယ်။ ဒါ့ကြောင့် ဘောဇဘုရင်ကြီးအကြောင်း အရင်ပြောပြမယ်နော် . . .။

ဘောဇဘုရင်ကြီးရဲ့ဖခင် ဘုရင်ကြီးဟာလည်း တိုင်းသူပြည်သားတွေကို ရင်ဝယ်သားကဲ့သို့ စောင့်ရှောက်ခဲ့သတဲ့။ ဖခင်ဘုရင်ကြီးရဲ့အမည်က သိန္ဒုလဘုရင်ကြီးလို့ ခေါ်တယ်။ ဘောဇမင်းသားလေးဖွားမြင်တဲ့အခါ ဖခင်ဘုရင်ကြီးဟာ အလွန်ဝမ်းသာလို့ အလှူကြီးပေးသတဲ့။

ဘောဇမင်းသားလေး ငါးနှစ်အရွယ်ရောက်တဲ့အခါ ဖခင်ဘုရင်ကြီးက -

"ငါသည် အသက်အရွယ်ကြီးပြီ၊ တရားနဲ့ မွေ့လျော်တော့မယ်" လို့ အကြံဖြစ်သတဲ့။

သိန်ဒုလ ဘုရင်ကြီးမှာ မုန်ဇဆိုတဲ့ ညီတော်တစ်ပါးလည်း ရှိတယ်။

အဲဒီ ညီတော်ဟာ လောဘကြီးတယ်။ ဘာမဆို လုပ်ရဲကိုင်ရဲတယ်။ ဒါ့ကြောင့်သိန်ဒုလ ဘုရင်ကြီးက စိုးရိမ်တယ်။ တကယ်လို့ သူက တောထွက် တရားအားထုတ်ပြီး သားတော် ဘောဇမင်းသားလေးဟာ ငယ်ရွယ်သေးတော့ ညီတော်မုန်ဇက သတ်ပစ်မှာကို စိုးရိမ်တာပေ့ါ။

ဒါနဲ့ အမတ်ချုပ်ကြီးနဲ့တိုင်ပင်ကာ ညီတော်မုန်ဇကို ထီးနန်းလွှဲအပ်ပြီး "သားတော်ကို စောင့်ရှောက်ပါ၊ သားတော်ကြီးလာတဲ့အခါ ထီးနန်းအပ်ပါ၊ အဲဒီ အခါကျရင် ညီတော်က မိမိပိုင်ဆိုင် တဲ့ မြို့နယ်ကို အုပ်ချုပ်ပါ" လို့ မှာခဲ့သတဲ့။

များမကြာခင်ဘဲ သိန်ဒုလ ဘုရင်ကြီး နတ်ရွာစံသွားတယ်။

တိုင်းသူပြည်သားတွေက ဂမ်းနည်းပူဆွေးနေကြသတဲ့။ ညီတော်မုန်ဇ ကတော့ ကြီးကျယ်ခမ်းနားစွာနဲ့ ဘုရင်အဖြစ် ခံယူသတဲ့။ ဘုရင်ဖြစ်ပြီး နန်းတွင်းမှာ သူ့သဘောကျစီမံခန့်ခွဲ တာပေ့ါကွယ်။

ဘောဇမင်းသားလေး (၇) နှစ်အရွယ် ရောက်လာတဲ့အခါ ဘဒွေးတော် မုန်ဇဘုရင်က သီးသန့်ကျောင်းတစ်ဆောင် ဆောက်လုပ်ပေးပြီး ပညာရှိများကို ဆရာအဖြစ် ခန့်ထားကာ ပညာသင် စေသတဲ့။

ဘောဇမင်းသားလေးဟာ ငယ်ရွယ်ပေမယ့် လိမ္မာရေးခြားရှိတယ်။ ပညာကြိုးစားသင်ယူ တယ်။ အကျင့်စာရိတ္တလည်း ကောင်းမွန်တာကြောင့် ဆရာတွေက ချစ်ခင်ကြတယ်။ ဘောဇမင်း သားလေးဟာ ပညာကို ဂရုတစိုက် သင်ယူတာကြောင့် အဇ္ဈာရသပညာများကို အံ့သြလောက်အောင် တတ်မြောက်လာသတဲ့။

တစ်နေ့တော့ ဘုရင်မုန်ဇဟာ တူတော် ဘောဇမင်းသား ပညာသင်နေတဲ့ ကျောင်းကို သွားကြည့်သတဲ့။ အဲဒီ အခါမှာ ဘောဇမင်းသားလေးဟာ အသက် (၁၁) နှစ်၊ (၁၂) နှစ် အရွယ်လောက် ရှိပြီပေါ့ကွယ်။

ဘထွေးတော် မုန်ဇဘုရင်ဟာ တူတော် ဘောဇမင်းသားလေးရဲ့ အရည်အချင်းကို တွေ့ရတဲ့ အခါ . . .

"ဒီအရွယ်နဲ့ ဒီလောက် တတ်မြောက်နေရင် နောင် ကြီးပြင်းလာတဲ့အခါ ငါ့ထီးနန်းကို လုမှာစိုးတယ်။ ဒါ့ကြောင့် သူ့ကို တစ်နည်းနည်းနဲ့ ကြံစည်ပြီး သုတ်သင်ပစ်မှ ကောင်းမယ်" လို့ တွေးတောမိတယ်။

တစ်နေ့မှာတော့ မုန်ဇဘုရင်ဟာ ဝတဆရာဂျာလို့ခေါ်တဲ့ သူ့အမတ်လူယုံကို ခေါ်ပြီး နှစ်ကိုယ်ကြား တိုင်ပင်တယ်။ အဓိကအကြောင်းကတော့ . . .

"ဘောဇမင်းသားကို ညအချိန်မှာ ရထားနဲ့တင်ခေါ်သွားပြီး တောတွင် ဖျောက်ဖျက်ပစ်ကာ သူ့ဦးခေါင်းကို ယူခဲ့ဖို့ပဲ။ အဲဒီ အတွက် ရာဂျာကို မြို့စားအဖြစ် ချီးမြှင့်မယ်" လို့ ပြောတယ်။

အမတ်ရာဂျာက မသင့်လျော်တဲ့အကြောင်း မုန်ဇဘုရင်ကို ဖျောင်းဖျတယ်။ ဥပမာ-ပုံပြင်လေးတစ်ပုဒ်ကို သူက ပြောပြတယ်။

"တစ်ခါတုန်းက ဘုရင့်သားတော်တစ်ပါးဟာ အမတ်ချုပ်ကြီးသားနဲ့ အတူ တောကစားထွက်သတဲ့။ နေအလွန်ပူတာကြောင့် ရေအရမ်းဆာလာတာနဲ့ အမတ်ချုပ်ကြီးသားက ရေရှာထွက်တယ်။ ဘုရင့်သားကတော့ သူ့ ကြက်တူရွေးနဲ့အတူ သစ်ပင်ရိပ်မှာ ကျန်ရစ်တယ်။ ဘုရင့်သားရဲ့ ကြက်တူရွေးဟာ ချိုသာတဲ့အသံနဲ့ လူတို့ကို ပျော်ရွှင်အောင် ပြုလုပ်တတ်တယ်။ ဒါ့ကြောင့် ဘုရင့်သား သွားလေရာ သူ့ကြက်တူရွေး အမြဲပါသတဲ့။

ဘုရင့်သားဟာ ရေဆာလွန်းတာနဲ့ ဟိုဟိုသည်သည်

လှည့်ပတ်ကြည့်သတဲ့။ အဲဒီ အခါမှာ သစ်ပင်ပေါ်က တစ်စက်စက်ကျနေတဲ့ ရေစက်ရေပေါက်ကို မြင်တယ်။ ဒါနဲ့သွားပြီး ခွက်တစ်ခုနဲ့ခံ သတဲ့။ ခွက်ပြည့်လို့ သောက်မယ်အလုပ်မှာ ကြက်တူရွေးက အတောင်နဲ့ ရိုက်လိုက်လို့ ခွက်မှောက်ကျ သွားသတဲ့။ ဘုရင့်သားဟာ စိတ်ဆိုးလွန်းလို့ ကြက်တူရွေးကို လည်လိမ်ချိုးကာ သတ်လိုက်သတဲ့။ နောက်တစ်ကြိမ် ရေခံမယ်အလုပ် အမတ်ချုပ်သား ပြန်ရောက်လာလို့ ရေသောက်ရသတဲ့။ ကြက်တူရွေး မမြင်ပါလားလို့ မေးတဲ့အခါ ဘုရင့်သားက ဖြစ်ကြောင်းကုန်စင် ပြောပြသတဲ့။ ဒီတော့ အမတ်ချုပ် ကြီးသားက မိုးမရွာဘဲ သစ်ပင်ပေါ်က ရေတစ်စက်စက်ကျတာ အကြောင်းရှိရမယ်ဆိုပြီး သစ်ပင်ပေါ်တက်ကြည့်တယ်။ ဒီအခါ အလွန်ကြီးတဲ့ မြွေကြီးတစ်ကောင် သေပြီး ပုပ်ပွနေတာ တွေ့ရသတဲ့။ မြွေသွေးတွေဟာ ရေလို တစ်စက်စက်ကျနေတာ ဖြစ်သတဲ့။

အကျိုးအကြောင်း ဘုရင့်သားကို တင်လျှောက်တဲ့အခါ ဘုရင့်သားဟာ အလွန်နောင်တရ သွားသတဲ့။ သစ်ပင်ပေါ်ကကျတဲ့ မြွေသွေးတွေ သောက်မိရင် မုချသေမှာပဲ။ ကြက်တူရွေးက ဘုရင့် သားကို ကယ်လိုက်တာပေါ့။ ငါမှားပြီဆိုပြီး ဘုရင့်သားဟာ နောင်တရပြီး ကျောက်တုံးနဲ့ သူ့ခေါင်းကို ဆောင့်သတဲ့။ အမတ်ချုပ်ကြီးသား ဖျောင်းဖျလို့ စိတ်သက်သာရာရပြီး နန်းတော်ကို ပြန်ခဲ့ကြသတဲ့။

အဲဒီ ပုံပြင်လေးကို ဥပမာပြုပြီး အမတ်ရာဂျာက ဘုရင်မုန်ဇကို ဖျောင်းဖျသတဲ့။ ဘောဇမင်း သားလေးကို မသတ်သင့်ပါကြောင်းပေါ့ . . .။

ဘယ်လိုပဲ ဖျောင်းဖျပြောဆိုပေမယ့် မုန်ဇဘုရင် နားမဝင်ဘူး။ အမတ်က ဘုရင်ကို ပြန်ဆုံးမနေသလားဆိုပြီး အမျက်ထွက်သတဲ့။

အမတ်ရာဂျာလည်း နှလုံးမသာမယာ ဖြစ်ရတာ ပေါ့ကွယ်။ တရားနဲ့ဖြေပြီး အလိမ္မာသုံးမှ ဖြစ်မယ်လို့ ကြံဆပြီး ထွက်ခွာသွားတယ်။

အဲဒီ နောက်မှာတော့ အမတ်ရာဂျာဟာ ဘုရင်မုန်ဇထံ ချဉ်းကပ်ပြီး . . .

“အရှင်ခိုင်းတဲ့အတိုင်း လုပ်ဆောင်ပါ့မယ်” လို့ တင်လျှောက်သတဲ့။

ဒီတော့မှ ဘုရင်မုန်ဇ အမျက်ပြေပြီး . . .

“သွား . . . ဘောဇကို ရထားနဲ့ တင်သွား၊ တောမှာ ဖျောက်ဖျက်ပစ်၊ သူ့ဦးခေါင်းကို ပြန်ယူခဲ့” လို့ အမိန့်ရှိသတဲ့။

အမတ်ရာဂျာလည်း ရထားပြင်ပြီး ဘောဇမင်းသားကျောင်းကို ဒုန်းစိုင်းတော့တယ်။ ကျောင်းရောက်တော့ အမတ်ရာဂျာက ဘောဇကို ခေါ်တယ်။ အကြောင်းမဲ့လာခေါ်လို့ ဆရာများက အံ့သြနေကြသတဲ့။ လာခေါ်ကြောင်း ဘောဇမင်းသား အတွင်းခန်းကနေ ကြားတယ်။ ဒါ့ကြောင့် ထွက်လာပြီး . . .

“သင်ဟာ ဘဒ္ဒေးတော်ရဲ့ အမှုထမ်းတစ်ဦးဆိုတာ ကျွန်ုပ်သိပါတယ်။ ဘာကြောင့်အကြောင်း မဲ့ ခေါ်ရပါသလဲ” လို့ မေးတော့ “ဘုရင့်အမိန့်အရ ပါ . . .” လို့ ပြောပြီး ရုတ်တရက် ဖမ်းချုပ်ကာ ရထားပေါ်တင်ပြီး မောင်းနှင်ပြေးတယ်။

ဘောဇမင်းသားဟာ တစ်စုံတစ်ရာ ကြောက်ရွံ့ဟန်မပြဘူး။ ဣန္ဒြေရရပဲ လိုက်ပါသွားတယ်။ အမတ်ရာဂျာက သန်လျက်ကို ထုတ်ပြပေမယ့် ကြောက်ရွံ့မှု မရှိဘူးတဲ့။

လမ်းမှာတွေ့တဲ့လူတွေက အမတ်ရာဂျာကို တားမြစ်ပေမယ့် ဂရုမစိုက်ဘဲ ရထားကို နှင်မြဲ မောင်းနှင်သတဲ့။ အဲဒီ သတင်းဟာ တစ်မြို့လုံးကို ပျံ့နှံ့သွားသတဲ့။

အဲဒီ သတင်းကို ဘောဇမင်းသားရဲ့ မယ်တော်ကြားတဲ့အခါ ရင်ဘတ်စည်တီး ငိုယိုတာပေါ့။ ကြားရသူအပေါင်းဟာလည်း ဘုရင်မုန်ဇကို အပြစ်တင်ကြတယ်။ ဘုရင်မုန်ဇကတော့ ဒါတွေကို ဂရုမစိုက်ဘူးတဲ့ကွယ်။

အမတ်ရာဂျာတို့ရထားဟာ လူနေအိမ်ခြေနဲ့ အတော်ဝေးတဲ့ တောကို ရောက်လာတယ်။ အဲဒီ တောမှာ တောရိုင်းတိရစ္ဆာန်တွေနဲ့ ပြည့်နေသတဲ့။

ပထမတော့ ဘောဇမင်းသားကြောက်စိတ် ဖြစ်တယ်။ ဒါပေမယ့် ကြိုးစားပြီး ကြောက်စိတ်ကို ဖျောက်ပစ်တယ်။ တောကိုရောက်တဲ့အခါ အမတ်ရာဂျာက ရထားပေါ်က အရင်ဆင်းတယ်။ နောက်မှ ဘောဇမင်းသားကို ဆင်းစေတယ်။ အမတ်ရာဂျာက သန်လျက်ကို အိမ်ကချွတ်ပြီး ဘောဇမင်းသားကို . . .

"သင့်ဖခင်ရဲ့ ညီတော် ဘုရင်မုန်ဇဟာ သင့်အရွယ်နဲ့ ပညာအလွန်တတ်နေတာကြောင့် စိုးရိမ်ပြီး သင့်ကိုသတ်ဖို့ ငါ့ကို ခိုင်းလိုက်တယ်။ သေဖို့ ပြင်ပေတော့" လို့ ပြောသတဲ့။

အဲဒီ အခါ ဘောဇမင်းသားက "ရာဂျာအမတ်၊ သင့်ကို ငါ မတားမြစ်လိုပါ။ သင်ဟာ အမှုထမ်းဖြစ်တဲ့အတွက် သင့်ကိုလည်း အပြစ်မတင်ပါ။ သင့်အရှင်ရဲ့ အမိန့်အတိုင်းလုပ်ပါ။ ဒါပေမယ့် ကျွန်ုပ်မသေမီ ဘဒွေးတော်ထံ စာတစ်စောင်ပေးခဲ့ချင်ပါတယ်။ ဘဒွေးတော်ထံ ဆက်ပေးပါ" လို့ မှာသတဲ့။ ရာဂျာအမတ်ကလည်း သဘောတူလိုက်တယ်။

အဲဒီ တော့ ဘောဇမင်းသားဟာ သူ့လက်ပွားကို သန်လျက်နဲ့ ဖြတ်လိုက်တယ်။ သူ့လက်ဝဲဘက်လက်ဟာ လက်ပွားနဲ့ (၆) ချောင်း ဖြစ်နေတယ်လေ။ လက်ပွားကို ဖြတ်ပြီး သစ်ရွက်ပေါ်မှာ အဲဒီ သွေးနဲ့ ဂါထာတစ်ပုဒ် စီရေးသား ပေးလိုက်သတဲ့။ ရာဂျာအမတ်က ဘောဇမင်းသားရဲ့ ဂါထာကို ဖတ်ကြည့်ပြီး သန်လျက် သူ့လက်က လွတ်ကျသွားသတဲ့။ ပြီးတော့ ဘောဇမင်းသားရှေ့မှာ လက်ယှက်ပြီး ဤသို့ လျှောက်သတဲ့။

"အို . . . မင်းမြတ်၊ အရှင့်မှာ ဤသို့ ပညာအရည်အချင်းနဲ့ ပြည်စုံကြောင်း ကျွန်တော်မျိုး သိရပါပြီ။ အရှင့်ကို သတ်ရန် မဝံ့တော့ပါ။ အရှင့် ကိုယ်စား ကျွန်တော်မျိုးပင် အသေခံပါမည် . . ." လို့ လျှောက်တင်ပြီး ဘောဇမင်းသားရဲ့ ခြေအစုံကို ဖက်သတဲ့။

"အို . . . မင်းမြတ်၊ ကျွန်ုပ်သည် ထမင်းတစ်လုပ်အတွက် ဤကဲ့သို့

သူတော်စင်တစ်ပါးကို သတ်ရန် တောသို့ ခေါ်လာမိသည်ကို ခွင့်လွှတ်ပါ” လို့ လျှောက်တင်ပြီး ယခုအချိန်ဟာ ညအချိန်ဖြစ်လို့ မည်သူမျှ မမှတ်မိနိုင်ကြောင်း၊ သူ့အိမ်ရှိ လျှို့ဝှက်ခန်းထဲ၌ ဘောဇမင်းသားကို ဝှက်ထားမည်ဖြစ်ကြောင်း လျှောက်ထားတယ်။

အဲဒီ နောက်မှာတော့ အမတ်ရာဂျာဟာ သူ့အိမ်သို့ မင်းသားကို လျှို့ဝှက်စွာ ခေါ်ဆောင်ပြီး သူ့အိမ်သားများပင် မသိစေရဘဲ လုံခြုံရာမှာ ဝှက်ထားသတဲ့။ သေကံမရောက်သက်မပျောက်လို့ ဆိုရမှာပေါ့ကွယ်။ မကောင်းကျိုးပေးတဲ့ သူ့လက်ပွားကို ဖြတ်လိုက်လို့ ကံကြမ္မာဆိုးက လွတ်မြောက်သွားတယ်လို့ဆိုရင်လည်း ဆိုနိုင်ပါသတဲ့။

ဒါပေမဲ့ အမတ်ရာဂျာကတော့ စိုးရိမ်နေတာပေါ့ကွယ်။ တစ်ချိန်ချိန်မှာ သတင်းကြားသွားရင် သူ အသတ်ခံရမယ်လေ။ နောက်ပြီး ဘောဇရဲ့ဦးခေါင်းကို ယူဆောင်ခဲ့ရမယ်ဆိုတဲ့ ဘုရင့်အမိန့်က လည်းရှိသေး မဟုတ်လား။ ဒီတော့ အမတ်ရာဂျာ အကြံထုတ်ရပြန်တာပေါ့။

ဓာရာနဂရ နေပြည်တော်မှာ အလွန်လက်ရာမြောက်တဲ့ ပန်းပုဆရာ တစ်ယောက်ရှိတယ်။ သူဟာ လူ့ပုံတူကို ရွှံ့နဲ့ဖြစ်ဖြစ်၊ ကျောက်နဲ့ဖြစ်ဖြစ် တစ်ပုံစံတည်းတူအောင် ပြုလုပ်နိုင်သတဲ့။ ဒါ့ကြောင့် အမတ်ရာဂျာဟာ အဲဒီ ပန်းပုဆရာဆီသွားပြီး ဘောဇရဲ့ ဦးခေါင်းနဲ့တူအောင် ညတွင်းချင်းအပြီး ထုလုပ်စေတယ်။

အဲဒီ နောက်တော့ အမတ်ရာဂျာဟာ ဘောဇဦးခေါင်းအတုကို ဆိတ်သွေးတွေသုတ်လိမ်းပြီး ဘုရင်မုန်ဇထံကို ယူပြသတဲ့။ ဘုရင်မုန်ဇကလည်း ဘောဇဦးခေါင်းအစစ်ပဲလို့ ယုံမှတ်ပြီး “ဤဦးခေါင်းကို ယူသွားပြီး ဖျောက်ဖျက်လိုက်” လို့ အမိန့်ပေးသတဲ့။ ရာဂျာအမတ်ဟာ ဘုရင့်အမိန့် အတိုင်း ဖျောက်ဖျက်ပစ်လိုက်တာပေါ့ကွယ်။

မျှားမကြာခင်မှာပဲ ဘုရင်မုန်ဇဟာ ဘောဇမင်းသား ကွယ်လွန်တဲ့အတွက် ဂမ်းနည်းကြေကွဲ ခြင်း အထိမ်းအမှတ်ပြုလုပ်သတဲ့။ အစည်းအဝေး တက်လာကြတဲ့ အမတ်တွေဟာလည်း စိတ်မချမ်းမြေ့စွာနဲ့ဘဲ အသီးသီး အိမ်ကို ပြန်ကြသတဲ့။ ဒီတော့ မုန်ဇဘုရင်နဲ့ အမတ်ရာဂျာနှစ်ဦး တည်း ကျန်ရစ်သတဲ့။ ဒီတော့ ဘုရင်မုန်ဇက . . .

"အဆွေတော် အမတ်ရာဂျာ၊ ဘောဇက သေကာနီးမှာ ငါ့ကို ဘာမှာ သေးသလဲ" လို့ မေးသတဲ့။

အဲဒီ အခါ အမတ်ရာဂျာက ဘောဇရဲ့ သွေးနဲ့ရေးထားတဲ့ ဂါထာကို ဘုရင်မုန်ဇသို့ဆက်လိုက် တယ်။ နှုတ်ကတော့ ဘာမှ မတင်လျှောက်ဘူးတဲ့။ ဘုရင်မုန်ဇဟာ ဆိတ်ငြိမ်ရာမှာ သွားပြီး ဘောဇရဲ့စာကို ဖတ်ရှုသတဲ့။ ဘောဇရဲ့ စာမှာ ရေးထားတာက -

အို . . . ဘဒွေးတော် -

▯ သစ္စာ သမာဓိ၊

ရှိကြကာလ၊ သမယဝယ်

အလင်းဆောင်ကြဉ်း၊ မင်းကောင်းမင်းမြတ်

စိုးစံလတ်၏ ။

▯ ယခုအခါတွင်၊ ထိုဘုရင်တို့

ဤမြေပြင် စွန့် . . . ခွာခဲ့ပြီ။

▯ သမုဒ္ဒရာအတွင်း၊ တံတားခင်း၍

ရန့်ရင်းကြမ်းဘိ၊ ဒဿဂီရိကို

နှိမ်ဖြိုခဲ့လျင်း၊ မင်းရာမလည်း

ဘယ်မှာဘယ်ဆီ၊ ရောက်ပြီမသိ။

ဘုန်းရှိမင်းတို့၊ တမလွန်သို့ ကြွခဲ့ပြီ။

□ ဤမြေပြင်ကား

လိုက်ပါသွားသည် မရှိခဲ့ . . .။

□ သို့သော် . . . အရှင်

ဤမြေပြင်ကား

ဘဒွေးသွားရာ

လိုက်ပါမည်ပင်

တူတော် ထင်မိပါသတည်း။

ဟု ရေးသားထားလေသည်။

မုန်ဇဘုရင်ဟာ ဘောဇမင်းသားရဲ့စာကို ဖတ်ပြီး နောင်တရသွားတယ်။ စိတ်မကောင်းလဲ ဖြစ်ပြီး လဲကျသွားတယ်။ အတန်ကြာမှ သတိရလာပြီး “အို . . . ဘောဇ၊ ဘောဇ” လို့ မြည်တမ်းနေ တော့တယ်။

မင်းမှုထမ်းအပေါင်းတွေဟာ မုန်ဇဘုရင်ကို အမျိုးမျိုး ဖျောင်းဖျပေမယ့် မရပါဘူး၊ ဤအတိုင်းသာဆိုရင် မုန်ဇဘုရင် သေဖို့သာ ရှိတော့တယ်လို့ အမတ်ရာဇျာ တွေးမိတယ်။ ဒါ့ကြောင့် တစ်မျိုးကြံမှပဲလို့ စဉ်းစားပြီး မှူးမတ်တွေရဲ့အလယ်မှာ မုန်ဇဘုရင်ကို လျှောက်တင်တယ်။

“အို . . . မင်းမြတ်၊ ကျွန်တော်မျိုးဟာ နံနက်အချိန်က ရသေ့တစ်ပါးနဲ့ စကားပြောခဲ့ပါတယ်။ အဲဒီ ရသေ့ဟာ တန်ခိုးကြီးလှပါတယ်။ လူသေကိုပင် ရှင်အောင်တတ်နိုင်ပါတယ်။ ဘောဇ အသက်ပြန်ရှင်ဖို့ ထိုရသေ့ကို ပင့်ဖိတ် လျှောက်ထားတောင်းပန်ရင် ကောင်းမယ်လို့ထင်ပါတယ် . .” လို့ မုန်ဇဘုရင်ကို

လျှောက်တင်တယ်။

အဲဒီ အခါမှာ မုန်ဇဘုရင် စိတ်သက်သာရာရပြီး . . .

"အမတ်ရာဂျာ၊ သင့်ကို ငါ အခွင့်ပေးပါတယ်" လို့ မိန့်တော်မူတယ်။

အမတ်ရာဂျာဟာ ဘုရင့်ဥယျာဉ်မှာ မဏ္ဍပ်တစ်ဆောင် ပြုလုပ်စေတယ်။ မဏ္ဍပ်အလယ်မှာ မီးတွင်းတစ်ခု စီမံတယ်။ အမတ်ချုပ်ကြီးကို ရသေ့အသွင် ဝတ်ဆင်စေပြီး အကြောင်းစုံ အသိပေးထားတယ်။

မီးထည့်ဖို့ ပစ္စည်းတွေ စုဆောင်းပြီး မှောင်မိုက်တဲ့ ညအချိန်မှာ ဘုရင်တစ်ပါးတည်း မဏ္ဍပ်အလယ်မှာ ထိုင်စေတယ်။ ဘုရင့်ရှေ့မှာ စက်ဝိုင်းတစ်ခုထားပြီး အဲဒီ စက်ဝိုင်းကိုပဲ စိုက်ကြည့် နေပါလို့ လျှောက်ထားတယ်။ ဘောဇမင်းသားကိုတော့ အဲဒီ နေရာမှာပဲ ဂှက်ထားပြီး ဖြစ်တယ်။

အချိန်ကရောက်တော့ ဆရာရသေ့က မီးဖိုတယ်။ မီးဖိုထဲက မီးခိုးတွေ တအားထွက်တယ်။ ဘုရင်က မေးပေမယ့် အမတ်ရာဂျာက ဘာမှ အဖြေမပေးဘူး။ ဆရာရသေ့က ဂါထာမန္တန်တွေ ရွတ်ဖတ်နေပြီလေ။ မကြာခင်မှာဘဲ မီးခိုးထဲကနေ ဘောဇမင်းသားပေါ်ထွက်လာတယ်။ အမတ်ရာဂျာက ဘုရင့်ရှေ့မှောက်ကို ခေါ်ဆောင်ခဲ့တယ်။

နောက်ရက်မှာ "ဘောဇ အသက်ပြန်ရှင်လာပြီ" ဆိုတဲ့ သတင်း တစ်မြို့လုံးပြန့်သွားတယ်။ မုန်ဇဘုရင်လည်း လောကကြီးကို ငြီးငွေ့ပြီး တောထွက်သွားတော့တယ်။

အဲဒီ အခါက စပြီး ဓာရာတိုင်းကို ဘောဇဘုရင် ထီးနန်းဆက်ခံပြီး အုပ်စိုးသတဲ့။

*

## ကာလီဒါသ၏ အတိတ်နှင့် ပစ္စုပ္ပန်

ကလေးတို့ရေ

ဘောဇဘုရင်ကြီး အကြောင်းကို သိခဲ့ရပြီ။ အခု ကာလီဒါသ ပညာရှိအမတ်ကြီး အကြောင်း ပြောပြမယ်ကွဲ့။

အချိန်အခါကတော့ ဓာရာတိုင်းမှာ သိန်ဒုလ ဘုရင်ကြီး စိုးစံချိန်မှာ ဂင်္ဂတိုင်းမှာလည်း ဆတရဝန်ဆိုတဲ့ ဘုရင်တစ်ပါး စိုးစံနေသတဲ့။ အဲဒီ ဘုရင်ကြီးဟာ သစ္စာတရားကို လက်ကိုင်ထားလို့ မှန်ကန်တဲ့စကား ဆိုတတ်တယ်လို့ ကျော်ကြားသတဲ့။

ဆတရဝန် ဘုရင်ကြီးမှာ အဆင်းလှပတဲ့ သမီးတော်တစ်ပါး ရှိတယ်။ စမ္ဗကကာလိကာလို့ ခေါ်တယ်ကွဲ့။ ကာလိကာလို့ပဲ အတိုချုပ် မှတ်ထားပေါ့ကွယ်။

ဆတရဝန် ဘုရင်ကြီးရဲ့ အမတ်ချုပ်ကြီးမှာလည်း စူဠာမဏိလို့ ခေါ်တဲ့ သားတစ်ယောက်ရှိ သတဲ့။

ဘုရင့်သမီးနဲ့ အမတ်ချုပ်ကြီးသားဟာ ကစားဖက်တွေပေါ့ကွယ်။ ငယ်ငယ်က သူတို့နှစ်ဦး ကစားကြရင်း အမတ်ချုပ်ကြီးသားက "ကာလိကာ နင်အရွယ်ရောက်လာလို့ မင်းကြီးက မေးရင် ငါ့ကို ယူမယ်လို့ ပြောပါလားဟယ် . . ." လို့ ပြောသတဲ့။

ဒီတော့ ဘုရင့်သမီးက "ဟေ့ . . . စူဠာမဏိရဲ့၊ နင်က အမတ်သား၊ ငါက ဘုရင့်သမီး နင်ရနိုင်မယ်မထင်နဲ့၊ ငါနဲ့တန်းတူ မင်းသားတစ်ပါးပါးကိုမှ မရရင် ဘယ်သူနဲ့မှ ယူမယ်မဟုတ်" လို့ ပြန်ပြောသတဲ့။

ဒီအခါမှာ အမတ်ချုပ်ကြီးသားဟာ နာကြည်းလှတာကြောင့် . . .

"ဟော့ . . . ဒီမယ်၊ နင် အရွယ်ရောက်လာရင် မင်းကြီးက ငါ့အဖကို နင့်အဖို့ ကြင်ယာရှာခိုင်းမှာပဲ။ အဲဒီ အခါ ငါ့အဖဟာ နင့်ဖို့ လူမိုက်လူအ တစ်ယောက်ရှာပေးရင် နင်ဘာတတ် နိုင်မလဲ" လို့ ပြန်ပြောတယ်။

ဒီတော့ ကာလိကာက "ဟဲ့ . . . စူဠာမဏိရဲ့၊ ဒီကိစ္စဟာ နင့်အဖ အလုပ်မဟုတ်၊ ငါ့ ကံတရားအတိုင်းပဲ" လို့ ပြန်ချေပသတဲ့။ စူဠာမဏိဟာ ဘာမှ ပြန်မပြောတော့ဘဲ အဲဒီ နေရာက ထွက်ခဲ့သတဲ့။

ဒီလိုနဲ့ နှစ်ကာလတွေ ကြာလာတယ်။ ကာလိကာနဲ့ စူဠာမဏိလည်း အရွယ်ရောက်ခဲ့ပြီ။ ကာလိကာက ငယ်ငယ်ကအကြောင်းတွေ သတိမရပေမယ့် စူဠာမဏိကတော့ မမေ့နိုင်ဘူးတဲ့။

တစ်နေ့မှာတော့ ဘုရင်ကြီးဟာ ဘုန်းဘက်ရုံးပြည်စုံတဲ့ မင်းသားတစ်ပါးပါးနဲ့ သမီးတော်ကို စုံဖက်ပေးဖို့ အမတ်ချုပ်ကြီးကို ခေါ်တိုင်ပင်တယ်။ တိုင်ပင်ပြီး အမတ်ချုပ်ကြီးကို တာဝန်လွှဲတယ်။ အမတ်ချုပ်ကြီးလည်း အိမ်ပြန်ရောက်တော့ သူ့သားနဲ့ တိုင်ပင်ပြန်တယ်။ ဒီအခါမှာ သား စူဠာမဏိက . . .

"ဖခင် . . . ဒီကိစ္စ သားတာဝန်ထားပါ။ ဖခင်ဟာ အသက်လည်းကြီးပြီ။ အနယ်နယ် လျှောက်သွားရင် ပင်ပန်းဖျားနာရှိပါ့မယ်။ နောက် နန်းတော်မှာလည်း ဖခင် မရှိရင် စီမံခန့်ခွဲဖို့ အခက်တွေ့မယ် မဟုတ်လား" လို့ ပြောသတဲ့။

အမတ်ချုပ်ကြီးက ဒီကိစ္စအရေးကြီးတယ်ဆိုပြီး ဘုရင့်ကို အကျိုးအကြောင်း လျှောက်တင် တယ်။ မင်းကြီးက . . .

"သင့်လျော်ပါတယ်၊ သင့်သားဟာ သမီးတော်နဲ့ ကစားဖက်ပဲ။ နောက် မောင်နှမလိုလည်း ချစ်ခင်ကြတယ်။ သူရှာပါစေ . . ." လို့ ခွင့်ပြုသတဲ့။

အမတ်ချုပ်ကြီးသားဟာ ဘုရင်အမိန့်နဲ့ တစ်ရွာဝင်၊ တစ်ရွာထွက် ဘုရင့်သမီးအတွက် ကြင်ယာရှာထွက်ခဲ့တယ်။ မိမိစိတ်တိုင်းကျ တစ်ယောက်မှ မတွေ့ရဘူးတဲ့။

တစ်နေ့မှာတော့ စူဠာမဏိဟာ တောအုပ်တစ်ခုအနီး ရောက်သွားတယ်။ အဲဒီ မှာ လူတစ်စု ဟာ သစ်ပင်တစ်ပင်ကို ခုတ်လှဲနေကြတယ်။ စူဠာမဏိက သစ်ပင်ပေါ် မော့ကြည့်လိုက်တော့ သူငယ်တစ်ယောက် ထိုင်နေတာကို တွေ့ရတယ်။

"တယ်မိုက်မဲပါလား၊ သစ်ပင်လှဲနေတာသိရက်နဲ့ အပင်ပေါ် ဘာလုပ်နေတာလဲ" လို့မေးတော့ . . . သစ်ပင်ပေါ်က သူငယ်က စူဠာမဏိကို လူကုံထံတစ်ယောက်ထင်ပြီး ပြန်ပြောတယ်။

"အို . . . သူဌေးမင်း၊ ကျွန်တော် ဤသစ်ပင်ပေါ်တက်စဉ်က လွယ်လွယ်ပါပဲ။ ပြန်ဆင်းတော့ မဆင်းနိုင်လို့ လူငှားပြီး သစ်ပင်ကို လှဲခိုင်းရပါတယ်။ သစ်ပင်လဲကျမှ ကျွန်တော်လည်း မြေပေါ်ရောက်နိုင်မယ်" လို့ ဆိုသတဲ့။

ဒီတော့ စူဠာမဏိက "အင်း . . . လူမိုက်ပဲ၊ ဒီလောက်မိုက်တဲ့လူတော့ မရှိတော့ဘူး။ ရုပ်ရည်လည်း မဆိုးဘူး။ စကားပြောလည်း ပြေပြစ်တယ်။ အသိဉာဏ် မရှိဘူး။ သည်ကောင် သမီးတော်ရဲ့ ကြင်ယာဖြစ်သင့်တယ်" လို့ တွေးသတဲ့။ ဒါနဲ့ သစ်ပင်ပေါ်က ချပေးပြီး မိဘမျိုးရိုးနဲ့ အလုပ်အကိုင်ကို စုံစမ်းမေးမြန်းသတဲ့။

ထိုသူငယ်ဟာ ပုဏ္ဏားတစ်ဦးရဲ့ သားဖြစ်တယ်။ စာပေသင်ကြား တတ်မြောက်ခြင်းမရှိခဲ့။ မိဘတွေ ငယ်စဉ်က ဆုံးပါးသွားလို့ ဥတစ်လုံး တစ်ကောင်ကြွက်ဘဝနဲ့ နီးစပ်ရာရွာမှာ ကျွဲကျောင်း၊ နွားကျောင်း လုပ်နေတယ်လို့ စုံစမ်းသိရှိရသတဲ့။

ဒါနဲ့ "သင် . . . ငါနဲ့ လိုက်ခဲ့ရင် ချမ်းသာစွာနေရမယ်။ ဘုရင့်သမီးကိုလည်း ရမယ်" လို့ ဆိုပြီး စူဠာမဏာက ထိုသူငယ်ကို ခေါ်ခဲ့သတဲ့။ ပုဏ္ဏား

သားသူငယ်လည်း ဘာမှမေးမြန်းစူးစမ်းခြင်းမရှိဘဲ စူဠာမဏိနောက် လိုက်ခဲ့တယ်။ စူဠာမဏိက ပုဏ္ဏားသူငယ်ကို မြစ်ဆိပ်မှာ ရေချိုးစေပြီး ဝတ်စားတန်ဆာဆင်မြန်းကာ ထမ်းစင်ထက်တင်ပြီး ဘုရင့်သမီး ကြင်ယာလောင်းအဖြစ် ဓာရာနဂရ ပြည်သို့ ဝင်ခဲ့သတဲ့။ အဲဒီ နောက် ဘုရားကျောင်းတွင်ထားပြီး လူယုံတစ်ယောက်ထားကာ ပုဏ္ဏားငယ်အား သွန်သင်စောင့်ရှောက်စေသတဲ့။

အဲဒီ နောက် အမတ်ချုပ်ကြီးသား စူဠာမဏိဟာ နန်းတွင်းဝင်ပြီး "သမီးတော်အတွက် ကြင်ယာလောင်း တွေ့ရှိခဲ့ပါပြီ။ ဘုန်းလက်ရုံး ပြည့်စုံ၍ ပညာလည်း ပြည့်ဝကြောင်း" ဘုရင်ကို လျှောက်တင်သတဲ့။ မင်းကြီးလည်း ဝမ်းမြောက်လှတာကြောင့် ချက်ချင်းပင် ရွှေတော်သွင်းစေသ တဲ့။

ရွှေမြို့တော်အတွင်းမှာလည်း သတင်းပြန့်ပြီး ကြင်ယာတော်လောင်းကို အကဲခတ်ဖို့ ရွှေနန်းတော်ဆီ လူများရောက်လာကြသတဲ့။ လူများဟာ လုလင်ရဲ့ အပြောအဆို သိမ်မွေ့ပုံကို တွေ့ရတဲ့အတွက် နှစ်သက်ကြသတဲ့။

အမတ်ချုပ်ကြီးလည်း ဘုရင့်သမီးတော် မင်္ဂလာပွဲအတွက် မနားမနေ စီမံနေရတယ်။ လူအများကိုလည်း ခဲဘွယ်ဘောဇဉ် ဖိတ်ကျွေးသတဲ့။

သတို့သမီးနဲ့ သတို့သားဟာ ထိမ်းမြားပြီး သီးသန့်ဆောင်မှာ စံမြန်းနေတယ်။ ညဥ့်ရောက်တဲ့အခါ ရံရွှေတော်ခေါ်ပြီး မင်းသမီးဟာ အိပ်ခန်းဆောင်ကို သွားသတဲ့။

ရံရွှေတော် လျှောက်ထားချက်အရ သတို့သား အိပ်ပျော်နေကြောင်း သိရလို့ မင်းသမီးဟာ သတို့သားအနားကပ်ကာ ခြေဖဝါးကို ဆုပ်နယ်သတဲ့။ သတို့သားက မနိုးဘူး။ ဘုရင့်သမီးလည်း သတို့သား အိပ်မောကျနေတယ်ထင်ပြီး နှာဝမှာ အလွန်မွှေးကြိုင်တဲ့ပန်းကို ထားသတဲ့။ သတို့သားက မနိုးဘူး။ နောက် စံပယ်ပန်းအရည်မှာ စန္ဒကူးစတဲ့ အမွှေးအထုံရောပြီး သတို့သား ကိုယ်ကို

လိမ်းကျံပေးတယ်။ မနိုးတဲ့အပြင် ဟောက်နေလိုက်သေးသတဲ့။

နောက်ဆုံးမှာ မင်းသမီးဟာ ခြေကို လှုပ်နှိုးတယ်။ မနိုးဘူး။ ဒီတော့ မင်းသမီးက စဉ်းစား တယ်။ ဒီလူဟာ ဒီလိုမြင့်မြတ်တဲ့ သလွန်ညောင်စောင်းမျိုးမှာ အိပ်ဖူးဟန်မတူဘူး။ မင်းညီမင်းသား ဖြစ်ဟန် မတူဘူး။ ဇာကေန္တ သူဆင်းရဲ၊ လူမွဲလူအ အမျိုးသားဖြစ်ဟန်တူတယ်လို့ ဆင်ခြင်ပြီး ငယ်စဉ်က စူဠာမဏိ ပြောဖူးတဲ့စကားကို သတိရပြီး ရှက်ဒေါသဖြစ်မိတယ်။ ဒါနဲ့ လုလင်ကို အတင်းဆွဲထနိုင်းတော့တယ်။

လုလင်ဟာ ယခုမှ အိပ်ရာကနိုးပြီး ကျက်သရေရှိလှတဲ့ မင်းသမီးလေး မျက်နှာတော် မြင်ပြီး ကြောက်ရွံ့ကာ နေရာမှထ၊ ကြမ်းပြင်မှာဝပ်ပြီး တောင်းပန်သတဲ့။ ရံရွှေတော်အိပ်ခိုင်းလို့ အိပ်ရပါကြောင်း အပြစ်လွှတ်ဖို့ ရှိခိုးတောင်းပန်သတဲ့။

မင်းသမီးလည်း သူ့တွေးထင်ချက်မှန်နေပြီ။ ပိုထင်ရှားအောင် ပြည်တန်ပတ္တမြား လက်ဝတ်ပြပြီး အကဲဖြတ်စေသတဲ့။ လုလင်က အဖြေမပေးနိုင် ငေးကြည့်ပြီး အံ့သြနေသတဲ့။ တစ်ဖန် မင်းသမီးက ပန်းချီခန်းဆောင်ထဲခေါ်ပြီး အလွန်ကောင်းတဲ့ ပန်းချီကားကို ပြသတဲ့။ အဲဒီ အခါမှာလည်း လုလင်ဟာ အံ့သြချီးမွမ်းကာ ဣန္ဒြေပျက်တဲ့ အမူအရာကို တွေ့ရပြန်သတဲ့။

နောက်ဆုံး တောအုပ်တစ်ခုဆီ ခေါ်သွားပြီး ကျက်စားနေတဲ့ နွားတစ်အုပ်ကို ပြပြီး ရွေးချယ်စေသတဲ့။ ဤအခါမှာ လုလင်ဟာ ပျော်ရွှင်မြူး ထူးနေတာ တွေ့ရသတဲ့။ ဤသူဟာ ဧကန်မုချ နွားကျောင်းသားတစ်ဦး ဖြစ်မယ်လို့တွက်ပြီး ယူကျုံးမရ ဖြစ်မိတာပေါ့။

မင်းသမီးဟာ ဤလုလင်ကို ကတုံးရိတ်ကာ တိုင်းပြည်မှ နှင်ထုတ်မယ်လို့ စိတ်ကူးပြီး “အသင် . . . လူမွဲလူအ၊ သင်သည် ငါနှင့် ထိုက်တန်သူ မဟုတ်၊ ယခုပင် သင့်ဦးခေါင်းဖြတ်ပြီး တောစပ်တွင် ပစ်ရမယ်” လို့ ဆိုတယ်။

လုလင်လည်း ကြောက်ပြီး “အရှင့်သမီး . . .

ကျွန်တော်မျိုးဦးခေါင်းဖြတ်လို့ ဘာအကျိုးရှိ မလဲ” လို့ မေးတယ်။

“သင်ဟာ လူမိုက်ပဲ၊ သင်နဲ့ နေရခြင်းထက် မုဆိုးမဘဝနဲ့ နေရတာ က မြတ်တယ်” လို့ မင်းသမီးက ပြောတယ်။ ဤအခါ လုလင်က . . .

“ကျွန်တော့်ကို ဘာ့ကြောင့် လူမိုက်လို့ ခေါ်ရသလဲ” လို့ မေးပြန်တယ်။

မင်းသမီးက “သင်ဟာ အတိတ်ဘဝက ကောင်းမှုကုသိုလ်မပြုခဲ့လို့ လူမိုက်လို့ ခေါ်တယ်” လို့ ဆိုပြန်တယ်။

“ယခု ကျွန်တော်မျိုး ဘာလုပ်ရမလဲ” လို့ လုလင်က မေးပြန်တယ်။ ဒီအခါ ဘုရင့်သမီးက .

“ဤမြို့ပြင်မှာ အတတ်ပညာကို ပေးတတ်တဲ့ ကာလီစန္ဒရ ရသေ့မြတ်တစ်ဦးရှိတယ်။ အဲဒီ သွားပါ” လို့ သန်လျင်နဲ့ချိန်ပြီး ခြိမ်းခြောက်ပြောဆိုတယ်။

ဘုရင့်သမီး ကာလိကာဟာ လင်ကိုသတ်တာ ကောင်းတဲ့အလုပ် မဟုတ်ဘူးလို့ နှလုံးသွင်းပြီး ပုဏ္ဏားသားကို အသက်ချမ်းသာပေးလိုက်တယ်။

ပုဏ္ဏားသားလုလင်ဟာ မြို့ပြင်ကို ထွက်ခဲ့တယ်။ လှည့်လည်ရင်း ရသေ့မြတ် ကျောင်းသခ်မ်းအနီး ရောက်ခဲ့တယ်။ ရသေ့မြတ်ကို မြင်တော့ ရှိခိုးပြီး “အိုး . . . အရှင်မြတ်၊ တပည့်တော်သည် မိုက်မဲလှပါ၏ ။ မိန်းမက အိမ်မှ တပည့်တော်ကို နှင်ထုတ်လိုက်ပါ၏ ။ ယခု တပည့်တော် ဘာလုပ်ရမည်နည်း” ဟု လျှောက်ထားသတဲ့။

ကာလီစန္ဒရ ရသေ့မြတ်က ဆင်ခြင်ကြည့်တော့ ပုဏ္ဏားသားရဲ့ အတိတ်ဘဝက ပါရမီရင့်သန် မှုကို သိမြင်သတဲ့။

ရသေ့မြတ်က ပုဏ္ဏားသားလုလင်အား . . .

“အို . . . လုလင်ငယ်၊ သင်ဟာ ပညာရှိကြီးပါတကား။ ဤလောက၌

သင်နှင့်တူသော ပညာရှိ မရှိပါ။ စိတ်ကို သက်သာရာရစေလော့၊ မကြောက်ပါလင့်။ သင်သည် ငါ့ထံ၌ ကောင်းသော အကျင့်ကို ကျင့်ပြီး ငါပေးသော မန္တန်ကို ရွတ်လော့” လို့ ဆိုသတဲ့။

လုလင်လည်း ရသေ့မြတ်ပေးတဲ့ မန္တန်ကို (၃) ရက်မျှ ရွတ်ဖတ် သရဇ္ဈာယ်လျက်သာ အချိန်ကို ကုန်စေသတဲ့။

ဘုရင့်သမီးတော် ကာလိကာဟာ ပုဏ္ဏားသားကို နှင်ထုတ်ပြီး သီတင်းတစ်ပတ်အကြာမှာ ရသေ့မြတ်အထံ နံနက်စောစော ဖူးမြော်လို့ ရောက်လာသတဲ့။

ရသေ့မြတ်အနီးမှာ ယောကျ်ားသားတစ်ယောက်ကို မင်းသမီးတွေ့ရတယ်။ မည်သူမည်ဝါ သိစေဖို့ အနီးသို့ ချဉ်းကပ်ခဲ့တယ်။ ဒါပေမယ့် အဲဒီ ယောကျ်ားဟာ သမာဓိကို ဖြစ်စေပြီး မန္တန်ကိုသာ ရွတ်ဖတ်နေသတဲ့။ နည်းနည်းလေးမှ မလှုပ်ရှားဘူးတဲ့။

ဤအခါမှာ ဘုရင်သမီးဟာ ရံရွေတော်ကတစ်ဆင့် ပုစ္ဆာတစ်ခု မေးစေတယ်။

“ယခုအခါ လေလည်း မတိုက်ခတ်၊ ငှက်ကိုသော်လည်း မတွေ့ရ၊ လူကိုလည်း မမြင်မိပါ။ သို့ပါလျက် ရေထဲရှိ ကြာပန်းတို့သည် အဘယ့်ကြောင့် လှုပ်ရပါသနည်း”

လုလင်ဟာ ရသေ့မြတ်ရဲ့ အမိန့်အတိုင်း မန္တန်ရွတ်နေသော (၃) ရက်ရှိပြီ။ ကမ္ဘာမှာ ပညာရှိကြီးတစ်ဆူ ဖြစ်ပေပြီ။ အမေးပုစ္ဆာ သူ့နားထဲ ပြေးဝင်လာတယ်။ နောက်လှည့်ကြည့်လိုက်တဲ့ အခါ မကြာခင်ကမှ လက်ထပ်ခဲ့တဲ့ မိန်းမကို မြင်တယ်။ ထို့နောက် အမေးပုစ္ဆာကို ဖြေလိုက်တယ်။

“အို . . . ကန္တ၊ မီးမှထွက်သော အညိုရောင်အခိုးသည် ရှိ၏ ။ ထိုအခန်းသည် ည၏ အမိုက် မှောင်ကြောင့် အပြင်သို့ထွက်သည်ကို မမြင်ရ။ ဤအကြောင်းကြောင့် ကြာလှုပ်လျက်ရှိသည်ကို မြင်ရ၏ ” လို့ ဖြေသတဲ့။

အဲဒီ အဖြေစကားကို ကြားရတဲ့အခါ ဘုရင့်သမီးတော်က “အကျွန်ုပ်၏ အမေးကို ဖြေသူကား မည်သူနည်း” လို့ဆိုပြီး အနီးကပ်ကြည့်သတဲ့။ ထိုအခါ မိမိ အိမ်က နှင်ထုတ်လိုက်သောသူ ဖြစ်နေတာကို တွေ့ရသတဲ့။

အဲဒီ အခါ မင်းသမီးက ရသေ့မြတ်ကို ဦးစွာ ရှိခိုးတယ်။ နောက် ပုဏ္ဏားသားကို တောင်းပန်တယ်။ သူ့အပြစ်ကို သည်းခံပါလို့ ဆိုတယ်။ လုလင်က . . .

“အို . . . ဘုရင့်သမီး၊ သင့်အပြစ် မဟုတ်ပါ၊ ကံတရားသာ ဖြစ်ပါတယ်။ ကျွန်ုပ်အသိဉာဏ်ရ လာခြင်းဟာ သင့်ကျေးဇူးကြောင့် ဖြစ်တယ်။ သင်ညွှန်လိုက်၍ ရသေ့မြတ်ထံရောက်ခဲ့ခြင်းဖြစ် တယ်။ သင်သည် ကျွန်ုပ်၏ ဆရာ ဖြစ်ပေတယ်။ ကျွန်ုပ်တို့ ဇနီးမောင်နှံအဖြစ်နေ၍ မဖြစ်တော့ပါ။ ကျွန်ုပ်ကား “ကာလီဒါသ” ဖြစ်လေပြီလို့ ဆိုတယ်။ (ကာလီဒါသဆိုတာ ကာလီ ဆရာရဲ့ကျေးကျွန် လို့ အဓိပ္ပာယ်ရတယ်။) အဲဒီ နောက်မှာတော့ ကာလီဒါသဟာ ရသေ့မြတ်ထံက ထွက်ခွာသွားတယ်။

နောက် ရက်များစွာကြာလာတဲ့အခါ ဘောဇဘုရင်ရဲ့ ကျော်စောထင်ရှားမှုကို ကြားသိပြီး ကာလီဒါသဟာ ဓာရာတိုင်းကို လာခဲ့တော့တယ်။ ဘောဇဘုရင်ဟာ ကာလီဒါသရဲ့ ပညာနဲ့ ပြည့်စုံမှုကို သိရှိရပြီး ပညာရှိတို့ရဲ့ အကြီးအမှူးအဖြစ် ခန့်ထား၊ သူကောင်းပြုသတဲ့။

*

## ဆိတ်ဆိတ်နေက ရွှေ ငွေရ

တစ်နေ့မှာ ဟိမဝန္တာတောင်ဆီက ကြွလာတဲ့ ရသေ့တစ်ပါးဟာ ဘောဇဘုရင်ရဲ့ နန်းရင်ပြင်ကို ရောက်လာသတဲ့။

ဘောဇဘုရင်ဟာ ရသေ့ကိုပြုလုပ်ကျွေးတယ်။ ရသေ့ရဲ့ ကြွန်ခြေသိက္ခာကို ကြည်ညိုပြီး ရွှေငွေတွေတောင် လှူလိုက်သတဲ့။ ရသေ့ပြန်သွားပြီးနောက် ဘောဇဘုရင်ဟာ ညီလာခံသဘင်မှာ သူ့ဆရာရသေ့ရဲ့ တည်ကြည်ပုံတွေကို မိန့်ကြားသတဲ့။ အထူးသဖြင့် ကာလီဒါသကို . . .

"အသင် ကာလီဒါသ၊ ငါဘုရင်မင်းမြတ်ဟာ အလွန်ကြည်ညိုဖွယ် ကောင်းတဲ့ ရသေ့တစ်ပါး ကို ဖူးလိုက်ရတယ်။ ကြည်ညိုသဒ္ဒါဖြစ်လို့ ရွှေငွေတွေပင် လှူလိုက်တယ်။ အသင့်မှာကော ကြည်ညိုဖွယ် ဆရာရှိပါသလား" လို့ မိန့်သတဲ့။

အဲဒီ အခါ ကာလီဒါသက ခဏချင်းဖြစ်ပေါ်လာတဲ့ အကြံနဲ့ . . .

"ကျွန်တော်မျိုးမှာ ဆရာရှိပါသည်။ သို့သော် ရွှေငွေကို အလှူမခံပါ။ ကိုင်ပင်မကိုင်ပါ။ လောဘ၊ ဒေါသ၊ မောဟ၊ မာနတရားများ ကင်းပါသည်။ သီလ၊ သမာဓိနှင့်လည်း အလွန်ပြည့်စုံလှ ပါတယ်" လို့ ပြန်လျှောက်သတဲ့။

"သင့်ဆရာကို ဖူးမြော်လိုသည်" လို့ ဘုရင်က ဆိုတော့ . . .

"တစ်ခါတစ်ရံမှသာ ကြွလာပါသည်။ ကြွလာလျှင် အရှင်မင်းကြီးအား လျှောက်ပါမည်" လို့ တင်လျှောက်သတဲ့။

တကယ်တော့ ကာလီဒါသဟာ ဘုရင်က ရာဇမာန်နဲ့ ငါ့မှာ ဆရာရှိတယ် ဆိုတာရယ်၊ ရွှေငွေအလှူခံတယ် ဆိုတာရယ်ကို မကြိုက်တာနဲ့ ရုတ်တရက်

လျှောက်တင်လိုက်ခြင်းဖြစ်တယ်။

ဒါ့ကြောင့် ကာလီဒါသဟာ သူ့စကားနဲ့သူ ဆရာရှာထွက်ခဲ့တယ်။ မြို့တွင်း စနည်းနာဖို့ ထွက်ခဲ့ရင်း အတန်ကြာသွားမိတဲ့အခါ ထင်းစီးထမ်းပြီး လည်ရောင်းနေတဲ့ အဘိုးအိုတစ်ဦးကို တွေ့သတဲ့။ ဒါနဲ့ ကာလီဒါသဟာ နောက်ယောင်ခံလိုက်ခဲ့တယ်။

အဘိုးအိုဟာ နေကလည်းပူ၊ ထင်းစီးကလည်းလေးတော့ ပင်ပန်းတာနဲ့ သစ်ရိပ်တစ်ခုမှာ နားသတဲ့။ အဲဒီ အခါ ကာလီဒါသက အနားကပ်ပြီး . . .

"အို . . . အဘိုးအို၊ သင့်မှာ အသက်လည်းကြီးပြီ၊ မွဲဟန်လည်း ရှိတယ်။ ကျွန်ုပ်စောင့်ရှောက်ပါရစေ။ ကျွန်ုပ်နဲ့ လိုက်ခဲ့ပါ . . ."အဲဒီ အခါမှာ ကာလီဒါသက အနားကပ်ပြီး . . .

အိမ်ရောက်တော့ မုတ်ဆိတ်ကြင်စွယ်တွေကို ရိတ်ပေး၊ ရေမိုးသန့်စင်ပြီး အဘိုးအိုကို လောဘ၊ ဒေါသ၊ မောဟ၊ မာနကင်းဟန်ဆောင်စေပြီး ဝတ်ဖြူစင်ကြယ်ဝတ်ပေးကာ ဘုရားကျောင်း မှာ နေစေသတဲ့။

အဲဒီ နောက် သူဟာ ပညာရှိ ကာလီဒါသဖြစ်ကြောင်း ဖွင့်ပြောပြပြီး အဘိုးအိုအား မှာကြားသတဲ့။

"ဘုရားကျောင်းကို သူဌေးသူကြွယ်တွေ လာမယ်၊ ဘုရင် မင်းမှူးမတ်တွေလည်းလာမယ်။ မည်သူက ဘာပဲမေးမေး တစ်စုံတစ်ရာ ပြန်မပြောလေနဲ့။ ပုတီးသာ တွင်တွင်စိပ်နေပါ။ ကျွန်ုပ်ပြော တာ လိုက်နာရင် ရွှေငွေ ဥစ္စာတွေရမယ်။ မလိုက်နာရင် သင့်ကို အဆုံးစီရင်မယ် . . ."လို့ ပြောသတဲ့။

အဘိုးအိုက "လိုက်နာပါ့မယ်" လို့ ဝန်ခံသတဲ့။ ပြီးတော့ ကာလီဒါသ မှာတဲ့အတိုင်း ဂရုဒေဂ သူတော်စင်အသွင်နဲ့ ပုတီးသာ တွင်တွင်စိပ်နေသတဲ့။

ကာလီဒါသဟာ မှာစရာရှိတာမှာလို့ စိတ်ချမှ ဘုရင့်ထံ ဝင်ခဲ့ပြီး

လျှောက်သတဲ့။

“အရှင်မင်းမြတ် . . . ကျွန်ုပ်၏ ဆရာ ဘုရားကျောင်းမှာ ရောက်နေပါပြီ။ အရှင်က ဖူးချင်ကြောင်း အတန်တန်လျှောက်လို့ ကြွလာခြင်း ဖြစ်ပါတယ်။ မင်းကြီးတစ်ဦးတည်း ကြွပါ။ ကျွန်ုပ် လိုက်ခွင့်မရှိပါ . . .” လို့ လျှောက်သတဲ့။

မင်းကြီးလည်း ကာလီဒါသရဲ့ဆရာ သူတော်စင်ကို ဖူးချင်တာကြောင့် ဘုရားကျောင်းကို ချက်ချင်းသွားတယ်။

“မည်သည့်အရပ်က ကြွလာကြောင်း၊ ဘွဲ့မည် အမိန့်ရှိဖို့” ဘုရင်က မေးလျှောက်ပေမယ့် သူတော်စင် ဂရုဒေဂဟာ ပုတီးသာ တွင်တွင်စိပ်နေသတဲ့။ ဘုရင်က ဘာမေးမေး ဘာမှ ပြန်မပြောဘူးတဲ့။ ဒါနဲ့ ဘုရင်က သူ ဘုရင်ဖြစ်ကြောင်း၊ လိုရာပေးနိုင်ကြောင်း ပြောပေမယ့် ဂရုဒေဂ ဟာ ဘာမှ ပြန်မပြောဘူးတဲ့။ ဘုရင်က ပုလဲကုံးနဲ့ ရွှေငွေတွေကို ဂရုဒေဂရှေ့ချ လှူပြန်တယ်။ ဒါပေမယ့် ဂရုဒေဂက ပုတီးသာ တွင်တွင်စိပ်လို့ အလှူမခံဘူးတဲ့။ ဒါနဲ့ ဘုရင်မင်းကြီးဟာ သူတော်စင်ရဲ့တပည့် ကာလီဒါသအိမ်ကို ပုလဲကုံးနဲ့ ရွှေငွေတွေ ပို့လိုက်သတဲ့။

နောက်နေ့ ညီလာခံမှာ ဘုရင်က . . .

“ကာလီဒါသ . . . သင့်ရဲ့ ဆရာဟာ အလွန်ညံ့တယ်။ အလည်း အတယ်။ စကားလည်း မပြော။ လှူလည်းမယူဘဲ တုံဏှိဘောနေတယ်” လို့ အမိန့်ရှိသတဲ့။ ဒီအခါ ကာလီဒါသက “အရှင်မင်းမြတ် . . . ဤလောက၌ အရာဌာနကို ကြည့်၍ တိတ်တိတ်မနေတတ်သူသာ လူအ ဖြစ်ပါတယ်။ ဆိတ်ဆိတ်နေခြင်းသာ အမြတ်ဆုံးဖြစ်လို့ သူတော်စင်ဟာ မင်းကြီးကို စကားမပြောခြင်း ဖြစ်ပါတယ်” လို့ လျှောက်သတဲ့။

ဒီတော့မှ မင်းကြီးဟာ သူသာ အရာဌာနကိုမသိဘဲ စကားတွေပြောမိတာကို သတိရပြီး ဆိတ်ဆိတ်နေတော့သတဲ့။ ဒီတော့မှ ကာလီဒါသက

“ကျွန်ုပ်၏ ဆရာမှာ စကားလည်း မပြော၊ အလှူလည်း မခံ၊ လောဘ၊ ဒေါသ၊ မောဟတရားများကင်းကြောင်း အရှင်မင်းကြီးကို ပြောထားပါလျက် အရှင်မင်းကြီးသာ လောလအာရုံကိုပြပြီး ဖျက်ဆီးခြင်းဖြစ်ပေတယ်။ ဒါ့ကြောင့် သူတော်စင်က အရှင်မင်းကြီးဟာ ခနမာန်၊ ရာဇမာန်တက်သူလို့သိပြီး စကားမဆိုခြင်းဖြစ်တယ်။ ကျွန်တော်မျိုးဟာ ဤပုဂ္ဂိုလ်မျိုးသာ ဆရာတင်ပါတယ် . . .” လို့ လျှောက်သတဲ့။

ဘောဇဘုရင်လည်း သတိသံဝေဂရပြီး . . .

“ရသေ့ရဟန်းတို့၌ လောဘ အစရှိတဲ့တရားတို့ ကင်းကြတယ်။ သင့်ဆရာသာ သူမြတ်မှန်ပေတယ် . . .” လို့ ပြန်လည်မိန့်ကြားသတဲ့။

အဲဒီ နောက် ကာလီဒါသဟာ အဘိုးအိုကို လျှို့ဝှက်စွာ ခေါ်ဆောင်ပြီး ဤကိစ္စကို မည်သည့် အခါမှ မပေါက်ကြားစေနဲ့လို့ ဝန်ခံချက်တောင်းပြီး အလိုရှိရာသွားတော့လို့ လွှတ်လိုက်သတဲ့။

*